နားဟစ်ကျေးရွာ၊ လွယ်တော်ကျေးရွာအုပ်စု

တောင်ကြီးမြို့နယ်

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက်(၂၀၂၄-၂၀၂၅)





ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ

နားဟစ်ကျေးရွာ၊ လွယ်တော်ကျေးရွာအုပ်စု၊ တောင်ကြီးမြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၂၄ခုနှစ်၊ အောက်တိုဘာလ (၂၁)ရက်

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ	
		မှ	ထိ
၁	စကားချီး	၂	၃
၂	ကျေးရွာ၏ သယံဇာတပြမြေပုံ	၄	၄
၃	ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်	၅	၅
၄	ကျေးရွာ၏အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ	၆	၆
အပိုင်း(၁) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ			
၆	တည်နေရာနှင့် ပထဝီအနေအထား	၇	၇
၇	ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ	၇	၇
၈	ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ	၇	၇
၉	စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ	၈	၈
	(က) သီးနှံစိုက်ပျိုးရေး	၈	၈
	(ခ) မွေးမြူရေးလုပ်ငန်း	၈	၈
	(ဂ) ငါးလုပ်ငန်း	၈	၈
	(ဃ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၈	၉
	(င) ဘဏ်နှင့် ငွေးကြေးဆိုင်ရာဝန်ဆောင်မှု	၉	၉
၁၀	အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ	၉	၉
၁၁	ပညာရေး	၉	၉
၁၂	ကျန်းမာရေး	၁၀	၁၀
၁၃	ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၀	၁၀
၁၄	ကျား-မရေးရာ	၁၀	၁၁
၁၅	ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ	၁၁	၁၁
အပိုင်း (၂) စီမံချက်ဆိုင်ရာအချက်အလက်များ			
၁၆	ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	၁၂	၁၂
၁၇	စီမံချက်ဆိုင်ရာ အချက်အလက်များ	၁၃	၁၄
နောက်ဆက်တွဲများ			
၁၈	ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ	၁၆	၆၇
၁၉	ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား	၆၈	၆၉

စကားချီး

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက်သည် ၂၀၂၄/၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၂၈/၂၀၂၉ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာလူထုများကိုယ်တိုင်ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများနှင့် ရန်ပုံငွေပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ တောင်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ စီမံကိန်းတာဝန်ခံဝန်ထမ်းများအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ထပ်ဆင့်ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သော နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်သော နည်းလမ်းကို အသုံးပြု၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အစီအစဉ်ရေးဆွဲနိုင်ရေးအတွက် ကျေးရွာ၏ ဖွံ့ဖြိုးရေးစိတ်ပါဝင်စားပြီး ရေးတတ်ဖတ်ကျွမ်းကျင်သူ ကျေးရွာ(၁)ရွာလျှင် လူငယ်(၂)ဦးစီအား မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ သင်တန်းတက်ရောက်၍ ကျေးရွာဖွံ့ဖြိုးရေးစီမံချက် များရေးဆွဲရာတွင် အထောက်အပံ့ဖြစ်စေရန် ပါဝင်ကူညီဆောင်ရွက်စေခဲ့ပါသည်။ ဤလုပ်ငန်းစဉ်များကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်းများ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာန ဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။


ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။


ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေး အခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအခြေအနေများပါဝင်ပြီး၊ အပိုင်း (ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်း များ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
နားဟစ်ကျေးရွာ၊ လွယ်တော်ကျေးရွာအုပ်စု
တောင်ကြီးမြို့နယ်


နားဟစ်ကျေးရွာ၊ တောင်ကြီးမြို့နယ်၊ သယံဇာတပြမြေပုံ



နားဟစ်ကျေးရွာ၊ တောင်ကြီးမြို့နယ်၊ ရာသီခွင်ပြ ပြက္ခဒိန်



နားဟစ်ကျေးရွာ၊ တောင်ကြီးမြို့နယ်၊ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ



အပိုင်း(၁)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာအနေအထားနှင့် ပထဝီအနေအထား

နားဟစ်ကျေးရွာသည် တောင်ကြီမြို့နယ်၏ မြောက်ဘက် (၁၇/၀)မိုင်ခန့် အကွာတွင် တည်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးအရ သွားလာရလွယ်ကူပြီး တောင်ကြီးမြို့နယ်မှ နားဟစ်ကျေးရွာအထိ ကတ္တရာလမ်းဖြင့် ရာသီမရွေးသွားလာနိုင်ပါသည်။ နားဟစ်ကျေးရွာသည် တောင်ပေါ်ဒေသဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပါသည်။ ပြောင်း၊ ကြက်သွန်ဖြူ၊ လယ်ယာစပါး၊ နေကြာ၊ ထောပတ်နှင့် မြေပဲစသည့် သီးနှံများကို စိုက်ပျိုးကြပါသည်။ မွေးမြူရေး လုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်ကြသည့် အိမ်ထောင်စုမရှိပါ။ ဒေသ၏ တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မ ၆၄ မှ ၇၅ ဝန်းကျင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် များစွာအထောက်အကူ ပြုသည်။ ကျေးရွာတည်ရှိမှု တောင်ပေါ်(ကုန်းမြင့်) ဒေသဖြစ်ခြင်းကြောင့် မိုးများ၍ အအေးပိုသည့် ဒေသဖြစ်ပါသည်။

၂။ ရာသီဥတု နှင့်သဘာဝအရင်းအမြစ်

နားဟစ်ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို မိုးရာသီကာလတွင် အဓိကထားလုပ်ကိုင်ကြပြီး ကျန်ကာလများတွင် ရေသွင်းစိုက်ပျိုးခြင်းကြောင့် တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးဖြစ်ထွန်းသော ကျေးရွာတစ်ရွာဖြစ်ပါသည်။ ကျေးရွာပတ်လည် အရှေ့၊ အနောက်၊ တောင်၊ မြောက်ဘက်များတွင် စိုက်ပျိုးမြေဧကအနည်းငယ်သာတည်ရှိပါသည်။ နွေကာလများတွင် စိုက်ပျိုးရေးအတွက် အားထားရသည့် စီးဆင်းနေသော နားဟစ်ချောင်းရှိပါသည်။ ကျေးရွာအတွင်း လယ်မြေအနည်းငယ်ရှိပြီး မြေဆီအသင့်အတင့်ကောင်းမွန်သည်။ ထွန်ယက် စိုက်ပျိုးနိုင်သည့် လယ်ယာမြေဧက(၂၁၁)နှင့် တောင်ယာမြေ(၉၈၁)ဧကရှိပြီး ပြောင်း၊ စပါး၊ ကြက်သွန်ဖြူ၊ ထောပတ်၊ မြေပဲနှင့် နေကြာသီးနှံများကို စိုက်ပျိုးကြပါသည်။ ကျေးရွာအတွင်း သဘာဝတွင်းထွက် သယံဇာတများ မထွက်ရှိပါ။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

နားဟစ်ကျေးရွာအတွင်း အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့(၁)ဖွဲ့၊ ဘာသာရေးဆိုင်ရာအဖွဲ့(၁)ဖွဲ့။ ကျန်းမာရေး(၁)၊ ပညာရေး(၁)ဖွဲ့နှင့် အပျို/လူပျိုများနှင့်ဖွဲ့စည်းထားသော လူငယ်အဖွဲ့များရှိပြီး အခြားဖွံ့ဖြိုးရေးဆိုင်ရာအဖွဲ့ (၂)ဖွဲ့ရှိပါသည်။ ကျေးရွာအတွင်း ဖွဲ့စည်းထားသည့် အစုအဖွဲ့များသည် မိမိတို့နှင့် သက်ဆိုင်ရာ ကဏ္ဍအလိုက်ဖြစ်သည့် လုပ်ငန်းတာဝန်များအား တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြပါသည်။ ပြင်ပမှ လူမှုရေးအဖွဲ့အစည်းများ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်မှု အတန်အသင့်ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။ သက်ဆိုင်ရာဌာနဆိုင်ရာ အဖွဲ့အစည်းအနေဖြင့် စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ်ကျေးလက်ဦးစီးဌာနတို့မှ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးပါသည်။ အခြားဌာနဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေး ကိစ္စရပ်များ တစ်ခါတစ်ရံသာ ရှိပါသည်။

၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ အသင့်အတင့်ရှိသည်။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စု၏ ၇%သည် အလွန်ဆင်းရဲ၊ ၄၂%သည် ဆင်းရဲ၊ ၃၄ %သည် အလယ်အလတ်အိမ်ထောင်စုနှင့် ၁၇%သည် အဆင့်ပြေသောအိမ်ထောင်စုအဖြစ် သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်မြေပိုင်ဆိုင်မှု၊ လက်လှမ်းမှီမှု ရှိပါသည်။ အခြားသော စိုက်ပျိုးရေးသုံး လယ်ယာမြေသုံးစက်ကိရိယာများ ပိုင်ဆိုင်မှု အနည်းငယ် ရှိပြီး စိုက်ပျိုးရေးလုံလောက်စွာ ရရှိခြင်းကြောင့် တစ်နှစ်ပတ်လုံး စိုက်ပျိုးရေး လုပ်ကိုင်နိုင်ပါသည်။ ရာသီအလိုက်သီးနှံများ စိုက်ပျိုးရောင်းချခြင်းနှင့် ကျပန်းအလုပ်ကို လုပ်ကိုင်ကြသော်လည်း ကျေးရွာစီးပွားရေးအနေအထားမှာ အသင့်အတင့်ကောင်းသည်ဟု ပြောနိုင်ပါသည်။ သို့သော် သီးနှံပေါ်ချိန်တွင် ဈေးနှုန်းများကျဆင်းမှု၊ မြေဩဇာများ ဈေးနှုန်းမြင့်မားမှုနှင့် ဈေးကွက်လက်လှမ်းမီမှု နည်းပါးခြင်းများကြောင့် အမြတ်ရရှိမှုနည်းပါးပါသည်။ ချမ်းသာသော စိုက်ပျိုးရေးလုပ်ကိုင်သည့် အိမ်ထောင်စုများအပြင် အခြားအိမ်ထောင်စုအချို့မှာလည်း လက်သမား၊ ပန်းရံ၊ ဆိုင်ကယ်ပြင်နှင့် စိုက်ပျိုးရေးနေ့စားစသည့် ကျပန်းလုပ်ငန်းများတွင်လည်း ဝင်ရောက်လုပ်ကိုင်ကြပါသည်။ ပြည်တွင်းအခြားဒေသများသို့ စိုက်ပျိုးရေး၊ ဆောက်လုပ်ရေးလုပ်ငန်းများတွင် သွားရောက်လုပ်ကိုင်သည့် အိမ်ထောင်စုအချို့လည်း အဆင်ပြေကြပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

နားဟစ်ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်ကြသည့် အိမ်ထောင်စုများမရှိပါ။ ရေ၊ မြေနေရာများရှိသော်လည်း မျိုးကောင်းမျိုးသန့်များရရှိနိုင်မှုမရှိခြင်း၊ ဈေးကွက်လက်လှမ်းမီမှုမရှိခြင်းနှင့် ဆောင်ရွက်ရန် ငွေကြေးအရင်းအနှီးများ၊ နည်းပညာများမရှိခြင်း တို့ကြောင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းမရှိပါ။

(ဂ) ငါးလုပ်ငန်း

ဒေသအတွင်း ငါးမွေးမြူရန်ဆန္ဒရှိသော်လည်း မျိုးကောင်းမျိုးသန့်များ ရရှိနိုင်မှုမရှိခြင်း၊ နည်းပညာများမရှိခြင်းစသည့် အဆင်မပြေမှုများကြောင့် ငါးမွေးမြူရေး လုပ်ငန်းဆောင်ရွက်ခြင်း မရှိပါ။ အကယ်၍ နည်းပညာများ ၊ အရင်းအနှီးငွေများ ရရှိပါက ဆောင်ရွက်လိုကြောင်း ကျေးရွာ၏ ပြည်သူများ၏ စိတ်ဆန္ဒအရ သိရှိရပါသည်။

(ဃ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ

နားဟစ်ကျေးရွာတွင် အဓိကထုတ်ကုန်လုပ်ငန်းမရှိပါ။ ပန်းရံ၊ လက်သမားများ၏ ဆရာအဆင့်မှာ ၂၀၀၀၀/ကျပ်အထိ ရပါသည်။ အလုပ်ကြမ်းသမား အဆင့်မှာ ၁၀၀၀၀မှ ၈၀၀၀ ရရှိကြပါသည်။ သီးနှံများ ခူးဆွတ်ရိတ်သိမ်းချိန်များ အခြားသောကျေးရွာအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ချိန်များတွင် အမျိုးသားများနှင့်တန်းတူ အမျိုးသမီးများလည်း တစ်နေ့လျှင် လုပ်အားခမှာ အမြင့်ဆုံး(၈၀၀၀)မှ အနည်းဆုံး(၆၀၀၀)ကျပ်အထိ ရရှိကြပါသည်။ လုပ်အားခရရှိမှုမှာ အမျိုးသားနှင့်အမျိုးသမီး တန်းတူညီမျှမှုရှိပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သူဦးရေ များပြားခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးနှင့် လူသားအရင်းမြစ်အတွက် အလားအလာကောင်း တစ်ရပ် ဖြစ်ပါသည်။ စက်ချုပ်သင်တန်း၊ ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင် သင်တန်း၊ မုန့်လုပ်ငန်း၊ ဆိုင်ကယ်ပြင်သင်တန်း၊

စက်ပြင်သင်တန်း၊ ဝါယာထိန်း၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ အင်ဂျင်(ဝပ်လျော်)ပြင်သင်တန်းစသော အသက်မွေးဝမ်းကျောင်းသင်တန်းများကို အနည်းငယ်တက် ရောက်ကြသော်လည်း စနစ်တကျသင်ယူမှုနည်းပါးခြင်း၊ သင်ယူလိုမှုအားနည်း ခြင်းတို့ကြောင့် ထိရောက်သော ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင်ရရှိမှု အခွင့်အလမ်းနည်း ပါးပါသည်။

(c) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

နားဟစ်ကျေးရွာမှ တောင်သူများသည် စိုက်ပျိုးရေးလုပ်ငန်းအတွက် အစိုးရဌာနမှ ထောက်ပံ့သည့် ချေးငွေမရှိခြင်းကြောင့် အတိုးပေးချေးသူ/ မိတ်ဆွေ/ ဆွေးမျိုးများထံမှ ချေးငွေများ ထုတ်ချေးကြပါသည်။

၅။ အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

နားဟစ်ကျေးရွာတွင် ကျေးရွာဘက်စုံသုံးခန်းမနှင့် ကျေးရွာစာကြည့်တိုက်မရှိသေးပါ။ အခြေခံပညာမူလွန်ကျောင်းရှိပြီး စာသင်ဆောင်လုံလောက်မှုရှိပါသည်။ ကျေးရွာတွင်းလမ်းများ အားလုံးသည် မြေသားလမ်းများဖြစ်ခြင်းကြောင့် မိုးရာသီအချိန်တွင် သွားလာရအခက်အခဲရှိပါသည်။ ကျေးရွာ၏ မီးလင်းရေးအနေဖြင့် ဆိုလာမီးကို အသုံးပြုကြပါသည်။ ဆက်သွယ်ရေးနှင့် ပတ်သက်ပြီး ဖုန်းလိုင်း၊ အင်တာနက်လိုင်း အတန့်အသင့်သာကောင်းမွန်ပါသည်။ ကျေးရွာသူ/သားများအနေဖြင့် ကျေးရွာ ဖွံ့ဖြိုးရေးကဏ္ဍတွင်များစွာ စိတ်ပါဝင်စားလျက်ရှိပြီး အကောင်အထည်ဖော်ဆောင်ရွက်သော လုပ်ငန်းအားလုံး၌ ပြီးမြောက်အောင်မြင်အောင် ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင်ရွက်တတ်ကြပါသည်။

၆။ ပညာရေး

နားဟစ်ကျေးရွာသည် ၁၉၈၆ ခုနှစ်တွင် အခြေခံပညာမူလတန်းကျောင်းအား ရရှိခဲ့ပြီး ၂၀၀၄ ခုနှစ်တွင် အခြေခံပညာမူလွန်ကျောင်းအားရရှိခဲ့ပြီး၊ ၂၀၁၉ခုနှစ်တွင် အခြေခံပညာအလယ်တန်းကျောင်းခွဲအားရရှိခဲ့ပါသည်။ စာသင်ကျောင်းသည် ကျေးရွာ၏အလယ်တွင်တည်ရှိပြီး စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (၁၀.၁၈)ကေရှိပြီး စာသင်ကျောင်း (၁၂၀ပေx ၃၀ပေx၁ပေ) (၁)ဆောင်၊ (၆၀'x၃၀'x၁၈') x (၂)ဆောင် ရှိပါသည်။ စာသင်ကျောင်းဆောင်အား လုံလောက်မှုရှိသော်လည်း ကျောင်းသုံးပရိဘောဂ ပစ္စည်းများ၊ သင်ထောက်ကူပစ္စည်းများနှင့် အားကစားဆိုင်ရာပစ္စည်းများအနေဖြင့် လုံလောက်မှုမရှိပါ။

ပညာရေးဝန်ထမ်းအနေဖြင့် အစိုးရခန့် ဆရာ (၁)ဦးနှင့် ဆရာမ(၇)ဦး စုစုပေါင်း (၈)ဦးရှိပြီး ကျေးရွာခန့် ဆရာ (၂)ဦးရှိပါသည်။ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ကျေးရွာကိုယ်ထူကိုယ်ထဖြင့် ဆရာ၊ ဆရာမနေအိမ် (၁၂၀'x၂၃x၁၂') (၁)ဆောင်ဆောက်လုပ်ထားပါသည်။ ကျွန်ုပ်တို့ကျေးရွာတွင် လက်ရှိကျောင်းတက်နှုန်း မူလတန်း (၅၃)ဦး၊ အလယ်တန်း(၃၆)ဦး၊ အထက်တန်း(၁၇)ဦးနှင့် တက္ကသိုလ်/ကောလိပ်(၈)ဦး ပညာသင်ကြားနေကြပါသည်။ ရွာသူရွာသားများ အားလုံးနီးပါး စာရေးတက်၊ ဖတ်တက်ကြပါသည်။ ယခုအခါတွင် ကျေးရွာ၌ မူလတန်းကိုမဖြစ်မနေ တက်ရောက် ကြသော စနစ်ကိုလည်း လိုက်နာကြပါသည်။ ဒေသတွင်ပညာရေးနှင့် ပတ်သတ်ပြီး အသင့်အတင့် ကောင်းမွန်ပါသည်။ မူလတန်းပညာရေးမှာလည်း ပညာသင်ကြားမှုနှုန်း မြင့်မားလျက် ရှိနေပါသည်။ ကျေးရွာသူ/သားများ၏ အတန်းပညာပြီးမြောက်မှု(စာတတ်မြောက်မှုနှုန်း)အနေဖြင့် အလယ်တန်း အဆင့်ရှိသူများပြားပြီး စာမတတ်သူဦးရေနည်းပါးပါသည်။

၇။ ကျန်းမာရေး

ကျွန်ုပ်တို့ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိပါသဖြင့် အရေးပေါ် ကိစ္စရပ်များအတွက် တောင်ကြီးမြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ကုသကြပါသည်။ ကျေးရွာတွင် ကျန်းမာရေးဌာနမှ ကျေးရွာသူ/သားများ၏ ကျန်းမားရေးကိစ္စများ၊ ကာကွယ်ဆေးထိုနှံမှုတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ဒေသတွင် သောက်ရေအတွက် အဓိကအားထားရသော စိမ့်စမ်းရေထွက်(၁)ခု ရှိပါသည်။ သောက်သုံးရေအတွက် စိမ့်စမ်းအမြင့်တင် ရေပေးရေးသွယ် တန်းထားခြင်း၊ ရေစုကန်ဆောင်ရွက်ထားရှိပြီး အိမ်သွယ်ရေတိုင်ရေမီတာစနစ် တပ်ဆင်ရန်လိုအပ်ပါသည်။ ချမ်းသာသော အိမ်ထောင်စုများက အိမ်သာကိုအုတ်ဖြင့် ဆောက်လုပ်ကြပြီး ဆင်းရဲသော အိမ်ထောင်စုများက ဝါးရိုင်ပတ်ဖြင့် ဆောက်လုပ်သုံးစွဲကြသည်။ တစ်ရွာလုံးနီးပါး ယင်းလုံအိမ်သာ သုံးစွဲကြသဖြင့် ယင်ကြောင့် ဖြစ်ပွားတက်သော ဆက်စပ်ရောဂါများဖြစ်ပွားမှုနည်းပါသည်။ စာသင်ကျောင်းများတွင်လည်း ယင်လုံအိမ်သာကို စနစ်တကျဆောက်လုပ်ထားသဖြင့် ကျောင်းသူ/ သားများအတွက် အသုံးပြုရလွယ်ကူပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျွန်ုပ်တို့ကျေးရွာသည် တောင်ပေါ်ဒေသဖြစ်၍ မိုးရာသီ၌ ရေကြီးခြင်း၊ ရေလွှမ်းခြင်းများကိုခံရခြင်းမရှိပါ။ ရန်ဖါရန်ခါ မိုးသီးကြွေကျခြင်း၊ လေပြင်းတိုက်ခတ်ခြင်းမှလွဲ၍ အခြားဘေးအန္တရာယ် ကျရောက်မှုများမရှိပါ။ ကျေးရွာတွင် စပါး၊ ပြောင်း၊ ကြက်သွန်ဖြူ စိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်သဖြင့် ဓါတုပိုးသတ်ဆေးများသုံးစွဲမှုများပြားလာခြင်း၊ ဓါတုဓာတ်မြေဩဇာများ သုံးစွဲမှုများပြားခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာခြင်းတို့ ဖြစ်ပေါ်လာပါသည်။ တောင်သူများအနေဖြင့် ဓါတုဗေဒပိုးသတ်ဆေးများကို အသုံးပြုမှုများပြားလာခြင်းနှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ် အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ စွန့်ပစ်မှု အားနည်းခြင်းများကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်နိုင်ပါသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်ပါသည်။

၉။ ကျား/မရေးရာ

နားဟစ်ကျေးရွာတွင် ကျား၊မရေးရာ ဆက်နွယ်မှုအနေအထားမှာ တည်ငြိမ်ကောင်း မွန်ပါသည်။ မိသားစုများတွင် ကျား၊မတို့၏ အခန်းကဏ္ဍအသီးသီးကို ရပ်ရွာသတ်မှတ်ချက်များ အတိုင်းကျင့်သုံးကြပါသည်။ ကျား၊မ အကြားပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှု ခွဲခြားဆက်ဆံ ခြင်းကိစ္စများ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည်သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့် ဆိုင်သောကိန်းဂဏန်းများတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းများရှိ ကျား၊ မအရေအတွက်မှာ အလွန်ကွာခြားခြင်းမရှိသဖြင့် အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်ပါသည်။ သို့သော်ကျေးရွာတွင် နေ့တွက်လုပ်အားခမှာ အမျိုးသားများက အမျိုးသမီးများ ထက်ပိုမိုရရှိကြပါသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှုတူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခလျော့နည်းပြီးရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုတို့မှာ အလွန်နည်းပါးလျက်ရှိသော်လည်း အခြားလူမှုရေးအသင်းအဖွဲ့များတွင် အသင့်အတင့်ပါဝင် ဆောင်ရွက်ကြပါသည်။

ကျား၊မ တန်းတူညီမှုနှင့် ပတ်သတ်၍ အသိပညာပေးခြင်းများကို မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား၊မတန်းတူညီမှု၊ဖွံ့ဖြိုးမှု့တို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

နားဟစ်ကျေးရွာ၏ စီမံချက်အလိုက် ဦးစားပေးအစီအစဉ်များကိုဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုများသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ခဲ့ကြပါသည်။ တချို့စီမံချက်များ ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူ အညီများရရှိရန်လည်းလိုအပ်ပါသည်။ ကျေးရွာလူထုမှ ဦးစားပေးနှစ်အလိုက် ရွေးချယ်ထားသော ဖော်ထုတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများကို သက်ဆိုင်ရာဦးစီးဌာနများ၏ ဘတ်ဂျက်များတွင် လျာထားဆောင်ရွက်နိုင်ရေးအတွက် ဌာနနှင့် ကျေးရွာလူထုများမှ ဆက်လက်ဆောင်ရွက် သွားရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

စဉ်	အဆိုပြုစီမံချက်အမည်	ဦးစားပေးအဆင့်	၂၄-၂၅	၂၅-၂၆	၂၆-၂၇	၂၇-၂၈	၂၈-၂၉
၁	ကျေးရွာတွင်း သဲဖြုန်းလမ်းခင်းခြင်း	၁	√				
၂	ဆိုလာစနစ်ဖြင့် အမြှေ့်တင်ခြင်း	၂		√			
၃	ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း	၃			√		
၄	မူကြိုကျောင်းတည်ဆောက်ခြင်း	၄			√		
၅	ကျေးရွာတွင်းတံတားတည်ဆောက်ခြင်း	၅				√	
၆	အခြေခံအပ်ချုပ်စက်သင်တန်းဖွင့်လှစ်ခြင်း	၆					√

၁၁။ နားဟစ်ကျေးရွာ ဦးစားပေးလုပ်ငန်းများ အဆင့်ခွဲခြားသတ်မှတ်ချက်

စဉ်	စီမံချက်အမည်	အကဲဖြတ်အမှတ်ပေးသူ အဖွဲ့(၁)	အကဲဖြတ်အမှတ်ပေးသူ အဖွဲ့(၂)	အကဲဖြတ်အမှတ်ပေးသူ အဖွဲ့(၃)	အကဲဖြတ်အမှတ်ပေးသူ အဖွဲ့(၄)	အကဲဖြတ်အမှတ်ပေးသူ အဖွဲ့(၅)	စုစုပေါင်း	အဆင့်
၁	ကျေးရွာတွင်း သဲဖြုန်းလမ်းခင်းခြင်း	၂၀	၂၀	၂၀	၂၀	၂၀	၁၀၀	၁
၂	ဆိုလာစနစ်ဖြင့် အမြှေ့တင်ခြင်း	၁၉	၂၀	၂၀	၁၈	၂၀	၉၇	၂
၃	ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း	၁၉	၁၉	၁၉	၁၉	၁၉	၉၅	၃
၄	မူကြိုကျောင်းတည်ဆောက်ခြင်း	၁၈	၁၈	၁၉	၁၉	၁၈	၉၂	၄
၅	ကျေးရွာတွင်းတံတားတည်ဆောက်ခြင်း	၁၈	၁၈	၁၈	၁၈	၁၈	၉၀	၅
၆	အခြေခံအပ်ချုပ်စက်သင်တန်းဖွင့်လှစ်ခြင်း	၁၈	၁၈	၁၈	၁၈	၁၇	၈၉	၆

၁၂။ နားဟစ်ကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီစာရင်း

အမည်	ရာထူး	မှတ်ပုံတင်အမှတ်	ဆက်သွယ်ရန်ဖုန်းနံပါတ်
ဦးမောင်ရီ	ဥက္ကဋ္ဌ	၁၃/တကန(နိုင်)၂၆၀၂၉၀	၀၉-၈၉၀၆၉၉၁၁၄
ဦးမောင်ဝင်း	အတွင်းရေးမှူး	၁၃/တကန(နိုင်)၀၅၂၉၄၆	၀၉-၈၉၄၀၉၄၆၈၀
ဒေါ်နန်းခံရောင်း	ဘဏ္ဍာရေးမှူး	၁၃/တကန(နိုင်)၃၃၆၃၃၂	၀၉-၂၆၃၆၇၆၃၅၃
ဦးခွန်မောင်နှောင်း	စာရင်းကိုင်	၁၃/တကန(နိုင်)၂၉၈၆၃၄	၀၉-၆၇၆၀၅၃၆၁၀
ခွန်ထွန်းဟန်	အဖွဲ့ဝင်	၁၃/တကန(နိုင်)၃၅၃၂၉၈	၀၉-၈၈၉၄၃၉၈၂၃
ဒေါ်နန်းနုပို	အဖွဲ့ဝင်	၁၃/တကန(နိုင်)၂၉၇၈၂၇	
ဒေါ်နန်းနွယ်	အဖွဲ့ဝင်	၁၃/တကန(နိုင်)၃၂၃၁၂၇	၀၉-၄၀၉၈၈၅၄၁၁

စဉ်	ကျေးရွာအုပ်စု	ကျေးရွာအမည်	အမည်	ရာထူး	မှတ်ပုံတင်အမှတ်
၁	လွယ်တော်	နားဟစ်	ဦးမောင်ရီ	ဥက္ကဋ္ဌ	၁၃/တကန(နိုင်)၂၆၀၂၉၀
			ဦးမောင်ဝင်း	အတွင်းရေးမှူး	၁၃/တကန(နိုင်)၀၅၂၉၄၆
			ဒေါ်နန်းခံရောင်း	ဘဏ္ဍာရေးမှူး	၁၃/တကန(နိုင်)၃၃၆၃၃၂
			ဦးခွန်မောင်နှောင်း	စာရင်းကိုင်	၁၃/တကန(နိုင်)၂၉၈၆၃၄
			ခွန်ထွန်းဟန်	အဖွဲ့ဝင်	၁၃/တကန(နိုင်)၃၅၃၂၉၈
			ဒေါ်နန်းနုပို	အဖွဲ့ဝင်	၁၃/တကန(နိုင်)၂၉၇၈၂၇
			ဒေါ်နန်းနွယ်	အဖွဲ့ဝင်	၁၃/တကန(နိုင်)၃၂၃၁၂၇

နားဟစ်ကျေးရွာ ဝယ်ယူရေးဆပ်ကော်မတီစာရင်း

အမည်	ရာထူး	မှတ်ပုံတင်အမှတ်	ဆက်သွယ်ရန်ဖုန်းနံပါတ်
ခွန်ထွန်းဟန်	ဥက္ကဋ္ဌ	၁၃/တကန(နိုင်)၃၅၃၂၉၈	၀၉-၈၈၉၄၃၉၈၂၃
ဒေါ်နန်းနပို	ဘဏ္ဍာရေးမှူး	၁၃/တကန(နိုင်)၂၉၇၈၂၇	
ဒေါ်နန်းနွယ်	အတွင်းရေးမှူး	၁၃/တကန(နိုင်)၃၂၃၁၂၇	၀၉-၄၀၉၈၈၅၄၁၁

စီမံချက်ဆိုင်ရာ အချက်အလက်များ

စီမံချက်အဆိုပြုလွှာ(သို့) စီမံချက်အကြောင်းအရာ (Project Profile)

ကျေးရွာ - နားဟစ်ကျေးရွာ ကျေးရွာအုပ်စု - လွယ်တော်ကျေးရွာအုပ်စု မြို့နယ် - တောင်ကြီးမြို့နယ် တိုင်း/ပြည်နယ် - ရှမ်းပြည်နယ်(တောင်ပိုင်း)	
စီမံချက်အမည် - ကျေးရွာတွင်း သဲဖြုန်းလမ်းခင်းခြင်းလုပ်ငန်း	
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအန လက်ရှိကျေးရွာ၏ အသုံးပြုနေသော ရွာတွင်းလမ်းသည် မြေသားလမ်းဖြစ်ပြီး မိုးရာသီကာလတွင် သွားလာရန် အခက်အခဲရှိခြင်းတို့ကြောင့် ရွာတွင်းလမ်းအား သဲဖြုန်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန် လိုအပ်ရခြင်းဖြစ်ပါသည်။	
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်) ကျေးရွာတွင်းလမ်းများ အဆင့်မြင့်ကောင်းမွန်လာပြီး လူနေမှုအဆင့်အတန်းများပိုမိုမြင့်မားလာစေရန် ရည်ရွယ်ပါသည်။	
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီး နောက်ထပ်ဆင့် ရရှိလာမည့် အကျိုးကျေးဇူးများ) ကျေးရွာတွင်းလမ်းများ ဖွံ့ဖြိုးလာခြင်းဖြင့် ကျေးရွာ၏ လူမှုဖွံ့ဖြိုးရေးကိစ္စရပ်များ၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးကဏ္ဍများ တိုးတက်လာစေရန်မျှော်မှန်းပါသည်။	

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏ လုပ်ရမည်)
သက်ဆိုင်ရာဦးစီးဌာန၏ ထောက်ပံ့ငွေ၊ နည်းပညာများနှင့် ပူးပေါင်း၍ ကျေးရွာပြည်သူ ထည့်ဝင်ငွေ၊ အလှူရှင်များ၏ လှူဒါန်းငွေများ၊ ရွာသူ/သားများ၏ လုပ်အားများဖြင့် ပူးပေါင်း၍ သတ်မှတ်ကာလအတွင်း လုပ်ငန်းများအရည်အသွေးပြည့် အောင်မြင်စွာပြီးစီးရေးအတွက် စီမံကိန်း လုပ်ငန်း အား အကောင်အထည်ဖော်ဆောင်ရွက်သွားပါမည်။
စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• ၁၅၀၀၀၀၀၀/-(ငွေသား) • (ငွေသား) • ၁၉၂၀၀၀၀°/-(ပစ္စည်း/လုပ်အား)	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၂၉၀	၃၁၄	၆၀၄	၂၅	၅၀	၆၃	၁၀	၁၄၈
အကျိုးခံစားမည့်သူ ဦးရေ	၂၉၀	၃၁၄	၆၀၄	၂၅	၅၀	၆၃	၁၀	၁၄၈
မှတ်ချက်။ ချောင်လည်အဆင့် - ၁၊ အလယ်အလတ်အဆင့် -၂၊ ဆင်းရဲ-၃၊ အလွန်ဆင်းရဲ - ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) **တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ)** - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ - ကျေးရွာလူထု - ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
(၂) **စီမံချက်စတင်မည့် အချိန်ခန့်မှန်း** - ၁၀.၁၀.၂၀၂၄
(၃) **စီမံချက် ပြီးစီးမည့် အချိန်** - ၂၈-၁၁-၂၀၂၄

(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -

ကျေးရွာသူ/သားများအနေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းအား အောင်မြင်စွာအကောင်အထည် ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ငွေအား/လုပ်အား/ကုန်ကြမ်းပစ္စည်းများ ရရှိနိုင်ရေး အတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူး/ရွာသူကြီး၊ ဆယ်အိမ်မှူး/ ရာအိမ်မှူးများ၊ ကျေးရွာရပ်မိရပ်ဖများမှ ဦးဆောင်၍ ရွာလုံးကျွတ် အစည်းအဝေး ကျင်းပပြုလုပ် ခြင်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေး ဆိုင်ရာ အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ၊ ရပ်မိရပ်ဖများနှင့် ရွာသူရွာသား များ ပူးပေါင်း၍ လုပ်ငန်းများအချိန်မီပြီးစီးရေး၊ အရည်အသွေးပြည့်မှီရေးတို့ကို ဆောင်ရွက်သွား မည်ဖြစ်ပြီး ကျေးရွာမှ လိုအပ်သော ကျေးရွာတွင်း သဲဖြုန်းလမ်းခင်းခြင်းလုပ်ငန်းအတွက် ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီနှင့် ရပ်ရွာမှတာဝန်ပေးအပ်ထားသော သိတတ်နားလည်သည့် ကြီးကြပ်သူ များမှ ဦးဆောင်မှုဖြင့် ကျေးရွာသူ/သားများ ပူးပေါင်း၍ လုပ်ငန်းလည်ပတ်နိုင်ရေးနှင့် ငွေကြေးဆိုင် ရာကိစ္စရပ်များအား စနစ်တကျဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၁	၁၀	၁၁	-	-
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၁၅	၂၀	၃၅	၂	-
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၂၁	၂၇	၄၈	-	-
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၃၂	၂၅	၅၇	-	-
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၂၁၆	၂၁၉	၄၃၅	၁	၁
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၅	၁၃	၁၈	-	-
စုစုပေါင်း		၂၉၀	၃၁၄	၆၀၄	၃	၁
စုစုပေါင်း အိမ်ထောင်စု		၁၄၈				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စုခနှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ ၆၄နှစ်ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှာ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက် အသက်ကြီးသည့်အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ နားဟစ်ကျေးရွာသည် အိမ်ထောင်စု(၁၄၈)စုရှိပြီး စုစုပေါင်းလူဦးရေမှ (၆၀၄)ဦးရှိပါသည်။ အဆိုပါ လူဦးရေများအနက်မှ အလုပ်လုပ်နိုင်သည့် လူဦးရေ(၄၃၅)ဦးရှိ၍ အသက် (၁၄)နှစ်အောက် (၁၅၁)ဦးရှိပြီး သက်ကြီးရွယ်အို(၁၈)ဦးရှိကြောင်း တွေ့ရှိရပါသည်။ မသန်စွမ်းမရှိပါကြောင်းနှင့် ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများသောကြောင့် ကျေးရွာတွင်လိုအပ်သော ကိစ္စအဝဝကို ပူးပေါင်းဆောင်ရွက်မှုအားကောင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	လယ်ယာစိုက်ပျိုးရေး							
	ကိုယ်ပိုင်လုပ်ငန်း	၁၄၈	၁၆၄	၁၀	၁၅	၂၀	၁၆	မြင့် ☑ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၂	တိရစ္ဆာန် မွေးမြူရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☑ လတ်☐ နိမ့် ☐
၄	သစ်တောလုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၆	ထုတ်ကုန်လုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၇	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၈	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁၀	၁၀	-	-	-	-	မြင့် ☐ လတ်☑ နိမ့် ☐
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂	၂	-	-	-	-	မြင့် ☐ လတ်☑ နိမ့် ☐
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၁	လက်လီ- လက်ကား ရောင်းဝယ်ရေး							
	ကိုယ်ပိုင်လုပ်ငန်း	၂	၂	-	-	-	-	မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း	၁	၁					မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၇	ပညာရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၈	ကျန်းမာရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☑ နိမ့် ☐
၁၉	လူမှုရေး လုပ်ငန်းများ							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၂၀	အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ							
	ကိုယ်ပိုင်လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၁၅	၂၀	၅	၇	၁၂		
၂၁	ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
	စုစုပေါင်း	၁၄၈	၁၇၈	၁၀	၂၂	၃၂	၁၆	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ်
လုပ်ကိုင်သူများ”အရေအတွက်တွင်“မိသားစုဝင်လုပ်အား”ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။
“ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)” ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ -“စိုက်ပျိုးရေး” ကဏ္ဍ၏ “ကိုယ်ပိုင်လုပ်ငန်း”တွင်ရပ်တည်နိုင်မှု “မြင့်” ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန်အခွင့် အလမ်းများနေသည်ဟုဆိုလိုပါသည်။
လေ့လာတွေ့ရှိချက်။ ။ နားဟစ်ကျေးရွာ၏ အိမ်ထောင်စုပေါင်း(၁၄၈)စုသည် စိုက်ပျိုးရေးလုပ်ငန်းကို တစ်နှစ်ပတ်လုံး အဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ အခြားအခြားဝင်ငွေရ လုပ်ငန်းဖြစ်သော လက်သမား၊ ပန်းရံလုပ်ငန်း၊ ဆိုင်ကယ်ပြင်လုပ်ငန်းနှင့် အသေးစားအရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ (၁၄)ဦးရှိပြီး အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုမှာ(၁၀)စုရှိကြောင်း တွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား
ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၀၀၀၀	၈၀၀၀	၈၀၀၀	၆၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၂၀၀၀၀	၁၅၀၀၀	၁၅၀၀၀	၁၀၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား	၁၀၀၀၀	-	၈၀၀၀	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၁၀၀၀၀	၈၀၀၀	၇၀၀၀	၅၀၀၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	-	-	-	-

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။
မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)
လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြသဖြင့် ကျား/မ လုပ်အားခများပေးချေရာတွင် တန်းတူညီမျှမှုရှိပါသည်။ တည်ဆောက်ရေးလုပ်ငန်းများဖြစ်သည့် လက်သမား/ပန်းရံ လုပ်ငန်းများတွင်လည်း ကျား/မ လုပ်အားခ ပေးချေမှုမှာ တန်းတူညီမျှမှုရှိကြောင်း တွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ
(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ
ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၂၁၁	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၉၈၁	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ(ကျွန်းမျှော)	-	ကောင်း ☐	သင့်☐	ညံ့ ☐
ဓနိတောမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်	-	ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၁၁၉၂	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။
မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။
လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အိမ်ထောင်စု (၁၄၈)စုလုံးသည် စိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်ကြပြီး လယ်မြေနှင့် တောင်ယာမြေ အများအပြားပိုင်ဆိုင်ကြပြီး အခြားမြေနှင့် မြေလွတ်မြေရိုင်းများ ပိုင်ဆိုင်သူမရှိကြောင်း တွေ့ရှိရပါသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐အပြောင်းအလဲမရှိ ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☑မရှိ ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☐မရှိ ☑	☒	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့်☑ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော - အပူပိုင်းသစ်တော	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော - ဒီရေတောများ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။တောင်ပေါ်ဒေသတွင် တည်ရှိသောကျေးရွာဖြစ်သဖြင့် အခြားကျောက်၊ သဲများ ကျေးရွာအနီးနားတွင် အနည်းငယ်တွေ့ရှိနိုင်ပြီး အသုံးချရန်ခက်ခဲပါသည်။ အခြားသော သဘာဝအရင်းအမြစ်ဖြစ်သော ဆေးဘက်ဝင်အပင်များ၊ တောရိုင်းတိရစ္ဆာန်မျိုးစိတ်များ တွေ့ရှိရမှုနည်းပါးပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၂၅	၅၀	၆၃	၁၀

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာရှိ အိမ်ထောင်စုများအား ဥစ္စာဓနအဆင့်သတ်မှတ်ရာတွင် အများစုသည် မပြေလည်သောအိမ်ထောင်စုနှင့် အလွန်မပြေလည်သောအိမ်ထောင်စု (၇၃)စုရှိပြီး အဆင်ပြေသောအိမ်ထောင်စုနှင့် အလယ်အလတ်ရှိသောအိမ်ထောင်စု အဆင့်(၁)နှင့် (၂)သည် စုစုပေါင်း(၇၅)စုရှိကြောင်း တွေ့ရှိရပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃လနှင့်ဖကြား ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု	၄၀	၁၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၂၀ ချေးယူ = ၂၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဥစ္စာဓနအဆင့်(၃)မှ အိမ်ထောင်စု(၆၃)စုရှိပြီး၊ ဥစ္စာဓနအဆင့်(၄)လည်း အိမ်ထောင်စု (၁၀)စုရှိပါသည်။ ကျေးရွာတွင် ဝမ်းစာဖူလုံမှုအခြေအနေ စစ်တမ်းကောက်ယူရာတွင် အဆိုပါ ဥစ္စာဓန အဆင့်(၃)နှင့်(၄)ရှိ အိမ်ထောင်စုများသည် ဝမ်းစာဖူလုံရေး အတွက် အများစုသည် ချေးယူခြင်းနှင့် ဆွေမျိုးများထံမှ အထောက်အပံ့များ ရယူကြသည်ကို တွေ့ရှိရပါသည်။

(၄-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ဖြန့်နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	၅		

အကြောင်းအရာ	ကျား	မ	ပေါင်း
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/တစ်ခုလပ်အိမ်ထောင်စု	-		
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့်အိမ်ထောင်စု	၅		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သောအုပ်စုများဖြစ်သည့် မိသားစု စောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ဖြန့်စန့်နှင့်အထက်နှင့် မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်မရှိကြောင်း တွေ့ရှိရပါသည်။ ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စုနှင့် မုဆိုးဖို/တစ်ခုလပ်အိမ်ထောင်စု၊ အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့်အိမ်ထောင်စုအနည်းငယ် ရှိကြောင်း တွေ့ရှိရပါသည်။

(ဇ-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား(၉)

ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု	✓				✓	
၂	လျှပ်တပြတ်ရေကြီးခြင်း	✓				✓	
၃	မုန်တိုင်းဒီရေ	✓				✓	
၄	ဆူနာမီ	✓				✓	
၅	တိုင်ဖုန်းမုန်တိုင်း		✓		✓		
၆	လေဆင်နာမောင်း	✓				✓	
၇	ငလျင်	✓				✓	
၈	အပူလှိုင်း	✓				✓	
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု	✓				✓	
၁၀	အအေးလှိုင်း	✓				✓	
၁၁	မိုးသီးကြွေကျမှု	✓				✓	
၁၂	မိုးခေါင်ခြင်း		✓		✓		
၁၃	တောမီးလောင်ခြင်း	✓				✓	

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၄	မြစ်ကမ်းပါးပြိုခြင်း	✓				✓	
၁၅	ကမ်းရိုးတန်းတိုက်စားမှု	✓				✓	
၁၆	မြေပြိုခြင်း	✓				✓	
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု	✓				✓	
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)	✓				✓	
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း	✓				✓	
၂၀	သစ်တောပြုန်းတီးခြင်း	✓				✓	
၂၁	ငှက်ဖျားရောဂါ	✓				✓	
၂၂	တီဘီရောဂါ	✓				✓	
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	✓				✓	
၂၄	ကပ်ရောဂါ		✓			✓	
၂၅	ပြည်တွင်းပဋိပက္ခ		✓			✓	
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	✓				✓	
၂၇	လူကုန်ကူးခြင်း	✓				✓	
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ် ရေးခက်ခဲခြင်းစသည်	✓				✓	

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။
မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့် အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာ သားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက် သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။အိမ်ထောင်စု ၁၀၀တွင် ၂၅အိမ်ထောင်စုအောက် – နိမ့်
အိမ်ထောင် စု၁၀၀တွင် ၂၅မှ၅၀အိမ်ထောင်စု – လတ်၊ အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် – မြင့်)
လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သဘာဝရင်းမြစ်ရှားပါးမှုဘေးအန္တရာယ်များသည် ကျေးရွာ

အပေါ် ထိခိုက်သက်ရောက်နိုင်မှုအနည်းငယ်ရှိပြီး မိုးခေါင်းခြင်းနှင့်ပတ်သက်၍ ကျေးရွာတွင် နှစ်စဉ် ကြုံတွေ့နေရပါသည်။ အခြေား ရာသီတုပ်ကွေးကူးစက်ရောဂါသည် အနည်းငယ်ဖြစ်ပွားမှုရှိပါသည်။ ထိခိုက်သက်ရောက်မှုများအား ဘေးအန္တရာယ်လျော့ချရေးနှင့် လိုက်လျောညီထွေဖြစ်အောင် အစီအမံများချမှတ်၍ စွမ်းဆောင်နိုင်မှုမှာ အသင့်တင့် အနေအထားရှိပါသည်။

(ဂ-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်		✓			✓	
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု			✓		✓	
၃	ဆင်းရဲသားတောင်သူ			✓		✓	
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	✓			✓		
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ	✓			✓		
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ	✓			✓		
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)	✓			✓		
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	✓			✓		
၉	ငါးကန်ပိုင်ရှင်များ	✓			✓		
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ			✓		✓	
၁၁	လူနည်းစုလူမျိုးများ	✓			✓		
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	✓			✓		
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	✓			✓		
၁၄	ရွှေတွင်းလုပ်သားများ	✓			✓		

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၅	လှည့်လည်သွားလာ၍စွေးရောင်းသူများ	✓			✓		
၁၆	နေရပ်ပြန်အခြေချသူများ	✓			✓		
၁၇	ရွှေ့ပြောင်းလုပ်သားများ	✓			✓		
၁၈	ကားမောင်းပြီးအသက်မွေးသူများ	✓			✓		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများစသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကမည်မျှအထိ ထိခိုက်ကြ ပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာပါက လူငယ်၊ အမျိုးသမီးဦးဆောင် သောအိမ်ထောင်စု၊ ဆင်းရဲသောတောင်သူများနှင့် လက်လုပ်လက်စားများ/ ကျပန်းများအုပ်စုသည် ထိခိုက်သက်ရောက်မှု အများဆုံးခံရနိုင်သည့်အုပ်စုဖြစ်ပါသည်။ ထိခိုက် သက်ရောက်မှုများအား ဘေးအန္တရာယ်လျော့ချရေးနှင့် လိုက်လျောညီထွေဖြစ်အောင် အစီအမံများချမှတ်၍ စွမ်းဆောင်နိုင်မှုမှာ အသင့်တင့် အနေအထားရှိသည်ကို တွေ့ရှိရပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့	၁☐၂☑၃☐	၅	-	၅	ပညာရေး☑ ဌေကြေး☑ ကျန်းမာရေး☑ ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑	ကောင်း☐ သင့်☑ ညံ့☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
						လုံခြုံရေးနှင့်ကာကွယ်ရေး☑	
၂	ရေပေးရေးကော်မတီ	၁☐၂☑၃☐	၅	-	၅	ပညာရေး☐ငွေကြေး☐ကျန်းမာရေး☐ဘာသာရေး☐စိုက်ပျိုးမွေးမြူရေး☐သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐သင့်☑ညံ့☐
၃	မီးလင်းရေးကော်မတီ	၁☐၂☑၃☐	၅	-	၅	ပညာရေး☐ငွေကြေး☐ကျန်းမာရေး☐ဘာသာရေး☐စိုက်ပျိုးမွေးမြူရေး☐သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐သင့်☑ညံ့☐
၄	လူငယ်အဖွဲ့	၁☐၂☑၃☐	၄	၃	၇	ပညာရေး☐ငွေကြေး☐ကျန်းမာရေး☐ဘာသာရေး☑စိုက်ပျိုးမွေးမြူရေး☐သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☐သင့်☑ညံ့☐
၅	ကျောင်းကော်မတီ	၁☐၂☑၃☐	၄	၃	၇	ပညာရေး☐ငွေကြေး☐ကျန်းမာရေး☑ဘာသာရေး☐စိုက်ပျိုးမွေးမြူရေး☐သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐သင့်☑ညံ့☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၆	VDP ကော်မတီ	၁☐၂☑၃☐	၄	၃	၇	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐
၇	မြစိမ်းရောင်ကော်မတီ	၁☐၂☑၃☐	၄	၃	၇	ပညာရေး☐ငွေကြေး☑ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐
၈		၁☐၂☐၃☐				ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☐ ညံ့☐
၉		၁☐၂☐၃☐				ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☐ ညံ့☐
၁၀		၁☐၂☐၃☐				ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☐ ညံ့☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁၁		၁□၂□၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□
၁၂		၁□၂□၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး/ဘာသာရေးနှင့် သာရေး/နာရေးကိစ္စ အဝဝကို ဆောင်ရွက်ရန် ဖွဲ့စည်းထားသည့် အစုအဖွဲ့/အသင်းအဖွဲ့(၇)ဖွဲ့ ရှိပါသည်။ ကျေးရွာတွင်းရှိ အဖွဲ့အစည်း/ ကော်မတီအသီးသီးတို့မှ ကဏ္ဍအလိုက်ဦးဆောင်၍ လမ်းညွှန်ဆောင်ရွက်ကြပါသည်။ ထို့အပြင် ကျေးရွာတွင်းရှိအဖွဲ့များသည် တစ်ဖွဲ့နှင့် တစ်ဖွဲ့ချိတ်ဆက်ဆောင်ရွက်မှု အားကောင်းလျက်ရှိပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	မေတ္တာဖောင်ဒေးရှင်း	၁☐၂☑၃☐၄☐၅☐၆☐၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐
၂	UNDP	၁☐၂☑၃☐၄☐၅☐၆☐၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑
၃	-	၁☐၂☐၃☐၄☐၅☐၆☐၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐
၄	-	၁☐၂☐၃☐၄☐၅☐၆☐၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐
၅	-	၁☐၂☐၃☐၄☐၅☐၆☐၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐
၆	-	၁☐၂☐၃☐၄☐၅☐၆☐၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ –ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ-

ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှဒေသအကျိုးပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ(ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါ ယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏မြစိမ်းရောင်စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော် ပြခြင်းမပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာဖွံ့ဖြိုးတိုးတက်စေရန်အတွက် UNDP နှင့် မတ္တာဖောင်ဒေးရှင်းပြင်ပအဖွဲ့အစည်းများ ဝင်ရောက်မှုရှိကြောင်း တွေ့ရှိရပါသည်။ နိုင်ငံတော်အစိုးရဌာနဖြစ်သော ထွေအုပ်/ကျေးလက်/ကျန်းမာရေး/ပညာရေး စသည့်ဦးစီးဌာနများ ချိတ်ဆက်မှုရှိပါသည်။ ကျေးရွာအနေဖြင့် ကျေးရွာပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ခြင်း လက်လှမ်းမီမှုရှိပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေ အတွက်	အမျိုးသမီးဦး ဆောင်သည့်အိမ် ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ် မှတ်ချက်
၁	မြေယာမဲ့	၉	၁	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၁၅	၁	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၂၄	၃	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၇၀	၄	တောင်သူလတ်
၅	၁၂.၅ဧကအထက်	၃၀	၁	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၁၄၈	၁၀	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကို အသက်မွေးဝမ်းကျောင်းပြုကြသည့် အိမ်ထောင်စု(၁၃၉)စုသည် မြေယာအများအပြားပိုင်ဆိုင်ကြပါသည်။ မြေယာမဲ့ပြီး ကျပန်းလုပ်ငန်းလုပ်ကိုင်ကြသည့် အိမ်ထောင်စု(၉)စုရှိကြောင်း တွေ့ရှိရပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ)(မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☐မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၂	ရေလွှဲဆည်	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☐မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၃	မြစ်ရေတင်စီမံကိန်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☐မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၄	ရေသွင်းမြောင်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☐မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၅	အဝီစိတွင်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☐မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၆	လက်ငင်းရေတွင်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☐မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၇	စိမ့်စမ်းရေ	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☐မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၈	ချောင်းရေ	၁၁၉၂	တစ်နှစ်ပတ်လုံး☑ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☑မရှိ☐မဖြေဆိုပါ☐	လျော့☑တိုး☐ အပြောင်းအလဲမရှိ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန ၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ စိုက်ပျိုးရေးလုပ်ငန်းအတွက် ရေရယူမှုမှ ကျေးရွာအနီးနားတွင် တစ်နှစ်ပတ်လုံး စီးဆင်းလျက်ရှိသည့် နားဟစ်ချောင်းရေအား အဓိကအထား၍ စိုက်ပျိုးရေ အတွက် ရယူကြပါသည်။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
လယ်စပါး	၂၁၁	၁ ဧက	၇၀ တင်း	၉၀ တင်း	၈၅ တင်း	၇	၁၂	မြင့်□လတ်☑နိမ့်□	မြင့်□လတ်□ နိမ့်☑	မြင့်☑လတ်□ နိမ့်□
ပြောင်း	၈၆၀	၁ ဧက	၇၀၀ ပိဿာ	၁၀၀၀ ပိဿာ	၉၀၀ ပိဿာ	၄	၇	မြင့်□လတ်☑နိမ့်□	မြင့်□လတ်☑ နိမ့်□	မြင့်☑လတ်□ နိမ့်□
ကြက်သွန်	၅၀	၁ ဧက	၇၀၀ ပိဿာ	၁၀၀၀ ပိဿာ	၈၅၀ ပိဿာ	၁၁	၂	မြင့်□လတ်☑နိမ့်□	မြင့်□လတ်☑ နိမ့်□	မြင့်☑လတ်□ နိမ့်□
နေကြာ	၁၆	၁ ဧက	၃၀၀၀ ပိဿာ	၄၀၀၀ ပိဿာ	၃၅၀၀ ပိဿာ	၁၀	၂	မြင့်□လတ်☑နိမ့်□	မြင့်□လတ်☑ နိမ့်□	မြင့်☑လတ်□ နိမ့်□
ထောပတ်	၅၅	၁ ဧက	၆၀၀၀ ပိဿာ	၈၀၀၀ ပိဿာ	၇၅၀၀ ပိဿာ	၇	၁၂	မြင့်□လတ်☑နိမ့်□	မြင့်□လတ်☑ နိမ့်□	မြင့်□လတ်☑ နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စပါး၊ ပြောင်း၊ နေကြာ၊ ထောပတ်နှင့် ကြက်သွန်များ စိုက်ပျိုးကြပြီး စိုက်ပျိုးသီးနှံများ၏ အထွက်နှုန်းမှာ ရာသီဥတုအခြေအနေအရပြောင်းလဲမှုရှိပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူ အရေအတွက်
ထွန်စက်	၃	-	-	-
လက်တွန်းထွန်စက်	၈၁	-	-	၆၇
အစေ့ချကိရိယာ	၂	-	-	-
ရိတ်သိမ်းခြွေလှေ့စက်	-	-	-	-
ရိတ်သိမ်းစက်	-	-	-	-
ခြွေလှေ့စက်	၁	-	-	-

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	၄ားရမ်းလုပ်ကိုင်နေသောတောင်သူ အရေအတွက်
ရေစုပ်စက်	-	-	-	-
ခြေနင်းရေတင်စက်	-	-	-	-
မြက်ရိတ်စက်	၄	-	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။ လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများရှိသော်လည်း စိုက်ပျိုးရေးသုံး ခေတ်မီစက်ကိရိယာများ မရှိပါ။ လက်တွန်းထွန်စက် ပိုင်ဆိုင်သည့် အိမ်ထောင်စုမှာ (၈၁)စု ရှိပြီး အဆိုပါ စိုက်ပျိုးရေးသုံး စက်ပစ္စည်းပိုင်ဆိုင်သူများထံမှ စိုက်ပျိုးရာသီချိန်တွင် ၄ားရမ်းသုံးစွဲကြရပါသည်။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ
ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ ဇယား၁၇နှင့်၁၈ကို ချိတ်ဆက်စစ်ဆေးပြီး မှဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
